# ရွှေခမောက်

## သတင်းစဉ်

အမှတ်စဉ် ၂၆ / ၂၀၀၇

၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ (၁၇)ရက်။


**"တိုင်းရင်းသားလူမျိုးစုအားလုံးက ပြည်ထောင်စုအကျိုးအတွက်ဆိုတဲ့ စိတ်ဓာတ်တွေနဲ့ လုပ်ဖို့လိုပါတယ်။ ကျမတို့ လွတ်လပ်ရေးရပြီးတဲ့ခေတ်မှာ ဒီတိုင်းပြည် မတိုးတက်တာဟာ ညီညွတ်မှုမရှိလို့ပဲ။ နိုင်ငံသူနိုင်ငံသားများဟာ ကိုယ့်အကျိုးထက် တိုင်းပြည်အကျိုးကို ရှေ့မထားလို့ ကျမတို့ တိုးတက်မှုမရှိခဲ့ဘူးလို့ ထင်ပါတယ်။ တပါတီ အာဏာရှင်စနစ် စိုးမိုးသွားရတယ်ဆိုတာလည်း ပြည်သူလူထုဟာ မှန်ကန်တဲ့နိုင်ငံရေး အသိအမြင်တွေမရှိလို့ဘဲဖြစ်ပါတယ်။ ဒီတော့ နောက်တခါ ထပ်ပြီးတော့ အာဏာရှင်စနစ် မဖြစ်စေချင်ဘူး၊ ကျမတို့ နိုင်ငံကို ဒီမိုကရေစီစနစ်အရ အားလုံးစိတ်ချမ်းသာရေးအတွက် ထူထောင်စေချင်တယ်ဆိုလို့ရှိရင် နိုင်ငံသူ၊ နိုင်ငံသားအားလုံးဟာ ကိုယ့်မှာရှိတဲ့ နိုင်ငံရေးတာဝန်တွေကို ထမ်းဆောင်ဖို့လိုပါတယ်။ နိုင်ငံရေးဆိုတာ အားလုံးနဲ့ သက်ဆိုင်တဲ့ကိစ္စပါ။ နိုင်ငံ တနိုင်ငံ တိုးတက်ဖို့၊ တည်တံ့ခိုင်မြဲဖို့ဆိုတာ အားလုံးဝိုင်းပြီးတော့ ကြိုးစားဖို့လိုပါတယ်။"**

(ကချင်ပြည်နယ်ခရီးအတွင်း ၁၉၈၉ခုနှစ် ဧပြီလတွင် မြစ်ကြီးနားမြို့ **NLD** ရုံး၌ ပြောကြားခဲ့သော မိန့်ခွန်းမှ)



**ဒေါ်အောင်ဆန်းစုကြည် နောက်ဆုံး အထိန်းသိမ်းခံထားရတာ ယခုဆိုရင် (၄)နှစ် (၄)လနဲ့ (၁၇)ရက်ရှိသွားပါပြီ**

## ယနေ့ သတင်းများ


**မကွေး၊ မတ္တရာနှင့် ပုလောမြို့အဖွဲ့ချုပ် အစည်းအဝေး**

**ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မီတီ (၉)နှစ်ပြည့် အခမ်းအနားကျင်းပ**

**ဟင်္သာတမြို့က သံဃာအပါး (၄၀)လောက် အစာအဆိပ်သင့်ပြီး ဆေးရုံတင်လိုက်ရ**

**မကွေးတိုင်း ချောက်မြို့မှာ သံဃာများကြွချီ ဆန္ဒပြ**

**သံဃာတွေသပိတ်မှောက်မယ့် အစီအစဉ်ကို မင်းသားကျော်သူ ထောက်ခံကြောင်း ပြောဆို**

**စစ်တပ်ကားတွေ ဘုန်းကြီးကျောင်းတွေထဲမဝင်ဖို့ စစ်ရုံးချုပ်အမိန့်ထုတ်**

**လေ့လာရေးခရီးအမည်တပ်ပြီး ဘုရားသားတော်များနှင့် ကျောင်းသားငယ်လေးများကို ရန်တိုက်ပေးရန် န အ ဖ စီစဉ်နေ**

**မနက်ဖြန်ကစပြီး အရေးပေါ်နေ့ (၂)ရက် အစိုးရရုံးများမှာ ထုတ်ပြန်ထား**

**မြန်မာနိုင်ငံကို ဘာသာရေးလွတ်လပ်ခွင့် အထူးစိုးရိမ်ရတဲ့နိုင်ငံအဖြစ် အမေရိကန်ဖော်ပြ**

**မြန်မာစစ်အစိုးရကို ကမ္ဘာပေါ်မှာ အဆိုးရွားဆုံးအစိုးရအဖြစ် ကမ္ဘာ့ဘဏ်က သတ်မှတ်ခဲ့**

**ကျောက်ပန်းတောင်းတွင် သံဃာတော်များ ဆန္ဒပြ**

**အလုပ်သမားအခွင့်အရေး လှုပ်ရှားသူများကို ဖမ်းဆီးထောင်ချခြင်းအပေါ် AFLCIO ပြစ်တင်ဝေဖန်**

**၈၈ မျိုးဆက်ကျောင်းသားများ တရုတ်အစိုးရထံ စာရေးတောင်းဆို**


# မကွေး၊ မတ္တရာနှင့် ပုလောမြို့အဖွဲ့ချုပ် အစည်းအဝေး

ဒီဗွီဘီ ၊ ၁၆ ၊ စက်တင်ဘာ၊ ၂၀၀၇

မန္တလေးတိုင်း မတ္တရာမြို့၊ မကွေးမြို့နဲ့ တနင်္သာရီတိုင်း ပုလောမြို့တွေမှာ မနေ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မြို့နယ်လိုက် အစည်းအဝေးတွေ ကျင်းပကြပါတယ်။ သံဃာတော်တွေရဲ့သပိတ်မှောက်ကံဆောင်ပွဲကိစ္စနဲ့မကြာခင် ရောက်လာတော့မဲ့ အဖွဲ့ချုပ် ဖွဲ့စည်းတည်ထောင်ခြင်းနှစ်ပတ်လည်နေ့ပွဲကျင်းပရေးကိစ္စတွေကို ဆွေးနွေးခဲ့ကြပါတယ်။

"ပခုက္ကူမှာ သံဃာတွေကိုအကြမ်းဖက်ပြီးတော့ဆောင်ရွက်ခဲ့တာကို ရှုတ်ချတဲ့အကြောင်းနဲ့ သံဃာသပိတ်မှောက်မဲ့ကိစ္စကိုကြိုဆိုထောက်ခံတယ်ဆိုပြီးတော့ ဆုံးဖြတ်ချက် ထည့်လိုက်တယ်။"

မတ္တရာမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလွင် ပြောပြသွားတာ ဖြစ်ပါတယ်။ ဦးသန်းလွင်နေအိမ်မှာကျင်းပခဲ့တဲ့အစည်းအဝေးက ဆုံးဖြတ်ချက်တွေကို ဦးသန်းလွင်ကပဲ ပြောပြသွားတာဖြစ်ပါတယ်။ တနင်္သာရီတိုင်း ပုလောမြို့မှာလဲ မြို့နယ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးရီနေအိမ်မှာ မနေ့ကကျင်းပခဲ့ပါတယ်။ ဒီအကြောင်းကိုတော့ ဦးစိုးရီကိုယ်တိုင် အခုလို ပြောပြပါတယ်။

"အစည်းအဝေး (၁၀) ယောက်တက်တယ်။ ဗဟိုက ကြေညာချက်နှစ်ခု ဖတ်ကြားဆွေးနွေးတာ ဒါပဲ။ စက်တင်ဘာ (၂၇)ရက်နေ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဖွဲ့စည်းတဲ့နေ့ အဲဒီအရောက် သွားဖို့ဆုံးဖြတ်တယ်။" ဦးစိုးရီ ပြောပြသွားတာပါ။

မကွေးမြို့မှာတော့ အစည်းဝေးမလုပ်ဖို့ အာဏာပိုင်တွေ တားနေတဲ့ကြားမှာပဲ မနေ့ကနဲ့ ဒီနေ့ အောင်မြင်စွာ အစည်းအဝေးပွဲကို ကျင်းပနိုင်ခဲ့ပါတယ်။ ဒီကနေ့ အစည်းအဝေးကမှာ သံဃာတွေရဲ့ကံဆောင်ပွဲကိစ္စဆွေးနွေးခဲ့ကြတာကို မကွေးမြို့နယ်အဖွဲ့ချုပ်အတွင်းရေးမှူး ဦးမြင့်ဦးက အခုလို ပြောပြပါတယ်။

"အထူးသဖြင့်ကတော့ ကျနော်တို့ အခုလက်ရှိ ပခုက္ကူပြဿနာဆွေးနွေးခဲ့ချက်ကတော့ ကျနော်တို့ ဗုဒ္ဓဘာသာဝင်တွေပဲဗျာ။ သံဃာတော်ကို ရိုက်တယ်နှက်တယ်ဆိုတာက ဘုရားကိုရိုက်သလိုပဲဗျ၊ အကုန်လုံးပဲ ဒီသတင်းကြားကတည်းက စိတ်မကောင်းဘူး၊ ဘာလုပ်လို့ ဘာကိုင်ရမှန်းလည်းမသိဘူး။ ဘာအကူအညီပေးရမှန်းလည်း မသိဘူး။ ဒါတွေပဲ ကျနော်တို့ ထပ်တလဲလဲ ဆွေးနွေးပြီးတော့ နောက်ဖြစ်ပေါ်လာနိုင်မယ့် ပြဿနာတွေပေါ့နော်။ ဒါတွေကို

ဆရာတော်တွေဖက်က တောင်းဆိုထားတဲ့အတိုင်း နအဖ စစ်အစိုးရအနေနဲ့ မဖြေရှင်းဘူးဆိုရင် တစတစနဲ့ ကြီးမားတဲ့ပြဿနာတွေ နောက်ထပ်ဖြေရှင်းရခက်မဲ့ အခက်အခဲမျိုးတွေ ဖြစ်နိုင်တယ်လို့ ကျနော်တို့က ဆွေးနွေးခဲ့ကြတာပါပဲ။

မကွေးမြို့တွင် အဖွဲ့ချုပ်အတွင်းရေးမှူး ဦးမြင့်ဦးပြောပြသွားတာပါ။ ဒါ့အပြင် မကွေးမြို့နယ်က အစည်းအဝေးပွဲမှာ နတ်မောက်၊ မင်းဘူးနဲ့ မြို့သစ်မြို့ နယ်အဖွဲ့ချုပ် စည်းကော်မတီဝင်တွေလည်း ပူးပေါင်းတက်ရောက်ခဲ့ကြတယ်လို့ ဦးမြင့်ဦးက ပြောပြသွားခဲ့ပါတယ်။ ■

---

# ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မီတီ (၉)နှစ်ပြည့် အခမ်းအနားကျင်းပ

ဒီဗွီဘီ ၊ ၁၆ ၊ စက်တင်ဘာ၊ ၂၀၀၇

ငြိမ်းချမ်းစွာဆန္ဒပြနေတဲ့ပြည်သူလူထုတွေအပါအဝင် သံဃာတော်တွေကို စစ်အစိုးရက အကြမ်းဖက်ရိုက်နှက်ဖမ်းဆီးနေတဲ့လုပ်ရပ်တွေကို ကန့်ကွက်ရှုတ်ချတဲ့အကြောင်း၊ နောက် အထွေထွေအကြပ်အတည်းဖြေရှင်းပေးဖို့ လူထုဆန္ဒပြပွဲတွေကိုထောက်ခံကြိုဆိုကြောင်း ပြည့်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ MPU က ဒီကနေ့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ ထိုင်းမြန်မာနယ်စပ်မှာ ဒီကနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ CRPP ဖွဲ့စည်းတည်ထောင်ခြင်း (၉)နှစ်ပြည့်အခမ်းအနားကနေ အခုလိုပြောကြားလိုက်တာဖြစ်ပါတယ်။

အခမ်းအနားကိုတော့ ပြည်ပရောက်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေအပါအဝင် ဧည့်ပရိတ်သတ်စုစုပေါင်း (၁၀၀)နီးပါး တက်ရောက်ခဲ့ကြပြီး အခမ်းအနားကျင်းပရတဲ့ အကြောင်းအရင်းကိုတော့ ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းကမှ ထိုင်း မြန်မာနယ်စပ်ကို ရောက်ရှိလာတဲ့ ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ် အမှတ်(၂)မဲဆန္ဒနယ်မြေ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းဝင်းက အခုလိုပြောပြပါတယ်။

> **"မေတ္တာပို့တဲ့ သံဃာတော်တွေကိုပင်လျှင် အကြမ်းဖက်နှိမ်နင်းခဲ့တယ်။ ဒါအင်မတန်ရိုင်းစိုင်းတဲ့အပြုအမူပဲ အင်္ဂလိပ်လက်ထက်မှာတောင်မှ ဒီလောက်ပိုးစိုးပက်စက်လုပ်တာတွေ သာသနာမှာ ခံခဲ့ရတာမရှိပါဘူး။ ဖြစ်ခဲ့ရင်တောင်မှ တိုင်းတပါးသားတွေရဲ့ ပြုမူတာကို ခံရတာကို ကျနော်တို့က ခံသာသေးတယ်။"**

"ပြည်ထောင်စုသားအားလုံး တန်းတူရေး၊ ပြည်ထောင်စုစစ်စစ်ရရှိရေး၊ လူ့အခွင့်အရေးစစ်စစ်ရရှိရေး၊ ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရေး၊ ပြည်သူလူထုကို ဆန္ဒကတိပေးခဲ့တဲ့ ဒီမိုကရေစီရရှိရေးနဲ့ ပြည်ထောင်စုစစ်စစ်ပေါ်ပေါက်ရေး၊ ဤအခြေခံတွေကို အောင်မြင်အောင်ဆောင်ရွက်ဖို့ ရွေးကောက်ပွဲကြေညာချက်၊ ပြည်သူလူထုကို ကြေညာချက်ပေးခဲ့တဲ့အတိုင်း အောင်မြင်အောင်ဆောင်ရွက်ဖို့ ယုံကြည်ချက်ရှိတယ်။ "

စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ် အမှတ်(၂) မဲဆန္ဒနယ်မြေ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းအောင်ကလည်း အခုလို ပြောပြထားပါတယ်။

"နဝတကနေပြီးတော့ အမျိုးမျိုးနှိပ်ကွက် ဖိနှိပ်နေ၊ ဖမ်းဆီးနေတဲ့အတွက် လွတ်မြောက်နယ်မြေမှာလည်း တချို့ရှိတယ်၊ ပြည်တွင်းမှာ ရှိတယ်။ အဲဒါတွေကို ပေါင်းစည်းပြီးတော့ဖွဲ့စည်းနိုင်အောင်လို့ဆိုပြီး ကျနော်တို့ရောက်လေရာအရပ်က အမတ်တွေကနေပြီးတော့ အားလုံးဆောင်ရွက်နေတဲ့အတွက်ကြောင့် သူတို့က လွှတ်တော်ရဲ့ကိုယ်စား လွှတ်တော်ပေါ်ပေါက်လာအောင်လို့ဆိုပြီးတော့ အပြည့်အဝဆောင်ရွက်နိုင်တဲ့ အင်အားရှိပါတယ်။ "

ငြိမ်းချမ်းစွာဆန္ဒပြနေတဲ့ ပြည်သူလူထုအပါအဝင် သံဃာတော်တွေကို စစ်အစိုးရက အကြမ်းဖက်ရိုက်နှက်ဖမ်းဆီးနေတဲ့လုပ်ရပ်တွေကို ပြင်းပြင်းထန်ထန်ကန့်ကွက်ရှုတ်ချကြောင်းနဲ့ ဒီလိုလုပ်ရပ်တွေအတွက် ပြည်သူလူထုရဲ့ အုံကြွမှုတွေဟာ ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ်လာလိမ့်မယ်လို့ ယုံကြည်မိကြောင်း မန္တလေးတိုင်း တပ်ကုန်းမြို့နယ် အမှတ် (၂)မဲဆန္ဒနယ်မြေ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကိုဝင်းလှိုင်က အခုလို ဝေဖန်ပြောဆိုသွားပါတယ်။

"မေတ္တာပို့တဲ့ သံဃာတော်တွေကိုပင်လျှင် အကြမ်းဖက်နှိမ်နင်းခဲ့တယ်။ ဒါအင်မတန်ရိုင်းစိုင်းတဲ့အပြုအမူပဲ အင်္ဂလိပ်လက်ထက်မှာတောင်မှ ဒီလောက်ပိုးစိုးပက်စက်လုပ်တာတွေ သာသနာမှာ ခံခဲ့ရတာမရှိပါဘူး။ ဖြစ်ခဲ့ရင်တောင်မှ တိုင်းတပါးသားတွေရဲ့ ပြုမူတာကို ခံရတာကို ကျနော်တို့က ခံသာသေးတယ်။ အခုက ကိုယ့်အမျိုးသားအချင်းချင်းမှာ ပြည်သူလူထုက နေပြီးတော့ ပေါက်ဖွားနေတဲ့ တပ်မတော်ကနေပြီးတော့ ဒီလိုလုပ်တာမျိုးကျတော့ ပိုမိုပြီးတော့ပြည်သူလူထုကြားမှာ ရင်နာစရာကောင်းတဲ့အဖြစ်အပျက်တွေပါ။ ဒီလိုလုပ်ရပ်မျိုးကို ဘယ်တော့မှ ကျနော်တို့လက်ခံမှာမဟုတ်ပါဘူး။ နောက်ပြီးတော့ ဒီလိုလုပ်ရပ်ကြောင့်မို့လို့လည်း သည်းမခံနိုင်လို့ ခွင့်မလွှတ်နိုင်လို့ ဖေါ်ထုတ်တဲ့အုံကြွမှုတွေဟာ ဆင့်ကဲဆင့်ကဲ ပေါ်လာဖို့ပဲ ရှိတယ်လို့ ကျနော့်အနေနဲ့ ဒီလိုမြင်ပါတယ်။" ■

---

# ဟင်္သာတမြို့က သံဃာအပါး [၄၀]လောက် အစာအဆိပ်သင့်ပြီး ဆေးရုံတင်လိုက်ရ

ဗွီအိုအေ ၊ ၁၆ ၊ စက်တဘ်ာ ၊ ၂၀၀၇

ရောဝတီတိုင်း ဟင်္သာတမြို့က သံဃာတော်အပါး ၄၀ လောက် ပြီးခဲ့တဲ့ စနေနေ့မနက် အာရုံဆွမ်းစားအပြီးအစာအဆိပ်သင့်လို့ ဆေးရုံတင်ခဲ့ရတယ်လို့ ဟင်္သာတမြို့ခံတချို့က ပြောပါတယ်။ ဒီအကြောင်း ထိုင်းနိုင်ငံအခြေစိုက်ဗွီအိုအေ မြန်မာပိုင်းအစီအစဉ်သတင်းထောက် ဒေါ်အေးအေးမာက တင်ပြပေးထားပါတယ်။

ဟင်္သာတမြို့က မိုးကောင်းကျောင်း၊ ဘုရားကြီးကျောင်းအပါအဝင် ကျောင်းသုံးကျောင်းက သံဃာအပါး (၄၀)လောက်ဟာ အစာအဆိပ်သင့်လို့ ဆေးရုံတက်ပြီး ကုသခံခဲ့ရကြောင်း မြို့ခံတွေက ပြောပါတယ်။ ဟင်္သာတမြို့က ဆွမ်းပါတ်အသင်းတွေဟာ ဝါတွင်းသုံးလမှာ အလှည့်ကျ ဆွမ်းချက်လှူဒါန်းရာကနေ စနေဆွမ်းချက်အလှည့်မှာမှ ဒီလိုဖြစ်ခဲ့ရတာပါ။ အစာအဆိပ်သင့်မှုဘာကြောင့်ဖြစ်ရသလဲဆိုတာကိုတော့ ဆွမ်းပါတ်အသင်းမှာပါဝင်သူ မြို့ခံအမျိုးသမီးတဦးက အခုလို ပြောပြပါတယ်။

> **"အဲဒါမျိုးတွေထပ်မဖြစ်ရလေအောင် နောက်ဖေးချောင် သံဃာတော်တွေအတွက်ချက်တဲ့ ပြုတ်တဲ့နေရာကို ဘယ်သူမှအဝင်မခံ တော့ဘူးလေ။ အဲဒီလိုလေးတွေပေါ့နော်၊ ကိုယ့်အစီအစဉ်နဲ့ကိုယ် အားလုံး ပိုသတိထားကြတာပေါ့။ အခါတိုင်းလည်း ဒီလိုတခါမှမဖြစ်ဖူးပါဘူး။"**

"ကျောက်ဖရုံသီးနဲ့ ဂျူးမြစ်အချဉ်ဟင်း၊ နောက် ငါးနဲ့ ခရမ်းချဉ်သီးနဲ့ ကျော်နပ် နပ်တာ။ ဂျူးတို့ ဘာတို့က ပိုးသတ်ဆေးတို့ဘာတို့ပါလို့ ဖြစ်ပါလိမ့်မယ်။ နဲနဲမစင်တာဖြစ်မယ်။ ဒါမှမဟုတ်ရင်လည်း ငါးကျော်နပ်က ခရမ်း ချဉ်သီးနဲ့ဆိုတော့လေ အချဉ်ဖောက်သွားတာ

ဖြစ်မယ်။''အစာအဆိပ်သင့်တဲ့ ပြဿနာတွေ ပေါ်ပေါက်အပြီးမှာတော့ ဆွမ်းချက်တဲ့နေရာတွေမှာ စီစစ်ကြပ်မတ်မှုတွေလုပ်ခဲ့ရပုံကိုလည်း ဆက်ပြောပြပါတယ်။

"အဲဒါကြောင်း အဲဒါမျိုးတွေထပ်မဖြစ်ရလေအောင် နောက်ဖေးချောင် သံဃာတော်တွေအတွက်ချက်တဲ့ပြုတ်တဲ့နေရာကို ဘယ်သူမှအဝင်မခံတော့ဘူးလေ။ အဲဒီလိုလေးတွေပေါ့နော်၊ ကိုယ့်အစီအစဉ်နဲ့ကိုယ် အားလုံး ပိုသတိထားကြတာပေါ့။ အခါတိုင်းလည်း ဒီလိုတခါမှမဖြစ်ဖူးပါဘူး။ မနေ့က အဲဒီစားသောက်ဆောင်အခန်းထဲမှာ ဘယ်သူမှမဝင်ရအောင် စောင့်ကြပ်ပြီးတော့ အကုန်ပိတ်ပြီးလုပ်လိုက်တယ်လေ။"

ဟသ်ာတမြို့ရဲ့ထူးခြားချက်ကတော့ ဒီဆွမ်းပါတ်အသင်းတွေဟာ ဝါတွင်းသုံးလအတွင်းမှာ နေ့အလိုက်အသင်းသားတွေစုပေါင်းပြီး ဆွမ်းချက်ကြတာဟာ နှစ်ပေါင်းတရာကျော်ရှိပြီလို့ ဆိုပါတယ်။ အခုဆိုရင် သံဃာပေါင်း ၃,၆၀၀ ကို ကပ်လှူဖို့အတွက် ဆွမ်းပါတ်အသင်းတွေက ချက်ပြုတ်ရတာဖြစ်ပါတယ်။ ဒီလိုအဖြစ်မျိုးကိုလည်း တခါမှမကြုံဘူးကြောင်း ပြောကြပါတယ်။ မြို့ခံအမျိုးသမီးရဲ့ပြောပြချက်အရတော့ အဆိပ်သင့်တဲ့သံဃာတချို့ကို ဆေးရုံမှာ ဒရစ်ပိုက်ချိတ်ထားရပြီး အခုအချိန်အထိ အသက်အန္တရာယ် ထိခိုက်တဲ့သံဃာမရှိသေးဘူးလို့ဆိုပါတယ်။ ဆေးရုံကို ဆက်သွယ်မေးမြန်းဖို့ ကြိုးစားခဲ့ပေမယ့်လည်း ဆက်သွယ်လို့မရရှိသေးပါဘူး။ ■

---

## မကွေးတိုင်း ချောက်မြို့မှာ သံဃာများကြွချီ ဆန္ဒပြ

ဒီဗွီဘီ ၊ ၁၆ ၊ စက်တင်ဘာ၊ ၂၀၀၇

မကွေးတိုင်း ပခုက္ကူမြို့က သံဃာတွေရဲ့ မေတ္တာပို့သဆုတောင်းပွဲဟာ စစ်အစိုးရရဲ့အကြမ်းဖက်ဖြိုခွဲမှုကို ခံခဲ့ရပေမဲ့၊ ချောက်မြို့က သံဃာတွေရဲ့ ဒီနေ့မနက် မေတ္တာပို့သပွဲကိုတော့ အောင်အောင်မြင်မြင် ပြုလုပ်နိုင်ခဲ့ပါတယ်။ ဒီကနေ့ မနက် (၅) နာရီလောက်က သံဃာအပါး သုံးဆယ်လောက်ဟာ ပြည်သူလူထုကို မေတ္တာပို့သ ဆုတောင်းပွဲတခု စီတန်း ကြွချီပြုလုပ်ခဲ့တယ်လို့ မျက်မြင်တွေ့ရှိခဲ့သူ ဒေသခံတဦးက ပြောပြပါတယ်။

"ကနေ့ နံနက် (၅) နာရီလောက်ကပေါ့၊ ဒီချောက်မှာပေါ့လေ သံဃာအပါး (၃၀) လောက်က သာသနာ့ဗိမာန်ကနေ စပြီးတော့ ကျနော်တို့ ဘောလုံးကွင်းလမ်းအတိုင်း ဒကာ ဒကာမတွေ ကျန်းမာပါစေဆိုပြီးတော့ မေတ္တာပို့ပြီးတော့ ဆုတောင်းပြီးတော့ ဈေးမြောက်ဖက်လမ်းအတိုင်း ဆန္ဒပြတယ်ပေါ့လေ။ ဈေးကလူထုတွေ မပါ ပါနဲ့ ဒကာမတွေ မပါ ပါနဲ့ ဆိုခဲ့ပြီးတော့ ပြန်လို့ပြောပြီးတော့ သူတို့ ဆန္ဒပြသွားတယ်ပေါ့။ "

သံဃာတော်တွေရဲ့လမ်းလျှောက်ဆန္ဒပြပွဲ ကို မြို့ခံ ပြည်သူလူထုက ဝင်ရောက်ပူးပေါင်းလိုပေမဲ့ သံဃာတွေဖက်က ဒကာ ဒကာမတွေ မပါဝင်ကြဖို့၊ သံဃာ့ကိစ္စ ဘုန်းကြီးတွေဖက်ကပဲ လုပ်မယ်လို့ မိန့်ဆိုတား မြစ်ခဲ့တယ်လို့ သူကဆိုပါတယ်။ချောက်မြို့ခံ ရဲတွေက ဘုန်းကြီးတွေကို ဓာတ်ပုံရိုက် မှတ်တမ်းတင်ခဲ့တယ်လို့လဲ အဆိုပါ ဒေသခံက ဆက်လက်ပြောပြပါတယ်။

> **"မေတ္တာပို့တယ်ဆိုတာကတော့ ဘုန်းကြီးတို့အနေနဲ့ကတော့ တိုင်းသူပြည်သား ဆွမ်းဒကာ ဒကာမ ဆွမ်းစားတယ်ဆိုလို့ရှိရင်တော့ မေတ္တာ စိတ္တံ ဘာဝတ္ထိ ကရုဏာစိတ္တံ ဘာဝတ္ထိ မုဒိတာ စိတ္တံ ဘာဝတ္ထိ တဿ ပုည ဒကာ ဒကာမတွေ ကျန်းမာချမ်းသာပါစေဆိုတာကတော့ သူတို့ရဲ့ပစ္စဂန ဆင်ခြင်တဲ့သဘောနဲ့ ဒါ ဆရာတော်တွေရဲ့ မေတ္တာထုံးစံကတော့ ပို့ရမှာပေါ့။"**

"နောက်က ရဲကားတွေ လိုက်လာတယ်ပေါ့။ သာသနာ့ ဗိမာန်မှာ စုရုံးပြီးရပ်နေတဲ့နေရာမှာပဲ အာဏာပိုင်တွေက ဓာတ်ပုံရိုက်တယ်။ သံဃာတော်တွေက ဓာတ်ပုံရိုက်တဲ့သူတွေကိုလိုက်ပြီးတော့ ရိုက်တယ်ပေါ့လေ။ လမ်းခရီးတလျှောက်မှာ သက်ဆိုင်ရာအာဏာပိုင်တွေက ဓာတ်ပုံရိုက်တယ်။ "

ဒီကနေ့ မနက် သံဃာတွေရဲ့မေတ္တာပို့သ စီတန်းကြွချီပွဲဟာ မကွေးတိုင်း ပခုက္ကူမှာ အခုလ (၅) ရက်နေ့က ဖြစ်ပွားခဲ့တဲ့ မေတ္တာပို့သပွဲကို အကြမ်းဖက်ဖြိုခွင်းခံရပြီးတဲ့နောက် ဒုတိယမြောက် သံဃာထုစီတန်း ကြွချီပွဲဖြစ်ပါတယ်။ ပခုက္ကူသံဃာတွေ စီတန်းကြွချီပွဲ ကြမ်းဖက်ခဲ့မှုကို ကြေနပ်လောက်တဲ့အထိ တောင်းပန်ဖို့၊ မတောင်းပန်ရင် သံဃာထုရဲ့ သပိတ်မှောက် ကံဆောင်ပွဲ ရင်ဆိုင်ရမယ်လို့ ရက်သတ်မှတ်ရက်မတိုင်ခင် တရက်အလိုမှာ ဖြစ်ပွားခဲ့တဲ့ မကွေးတိုင်းအတွင်း သံဃာတွေရဲ့စီတန်းကြွချီမှု ဖြစ်ပါတယ်။ ချောက်မြို့က သံဃာတွေဟာ မနက်ဖြန်မှာကျရောက်မဲ့ ကံဆောင်ပွဲနဲ့ စပ်လျဉ်းပြီး မနေ့ညပိုင်းက အေးစေတီဘုရားပေါ်မှာ ဆွေးနွေးဖို့ ဆန္ဒထုတ်ဖော်ဖို့စတဲ့သတင်းတွေ ချောက်မြို့ပေါ်မှာ ပြန့်နှံ့ခဲ့တဲ့အကြောင်းနဲ့၊ ဒါကြောင့် ကျင်းပဖို့စီစဉ်ထားတဲ့ ဂေါပကအစည်းအဝေးပွဲကို ရွှေ့ဆိုင်းလိုက်ရသလို၊ ချောက်မြို့တမြို့လုံးကို အာဏာပိုင်တွေက မီးဖြတ်တောက်ခဲ့ပါသေးတယ်။ ဒီကနေ့ ချောက်မြို့က သံဃာတွေ စီတန်းကြွချီ မေတ္တာပို့သရပ်တည်ချက်နဲ့ ပတ်သက်လို့ ချောက်မြို့ အေးစေတီကျောင်းက ဆရာတော်တပါးကို မေးမြန်းလျှောက်ထားရာမှာ အခုလို မိန့်ကြားပါတယ်။

ဒီဗွီဘီ။ ။ ညတုန်းက အေးစေတီ ကျောင်းတိုက်မှာလေ ဘုရားသံဃာတွေစုစည်းပြီးတော့ အစည်းအဝေးတခုကျင်းပတယ်လို့ ကြားလို့ပါဘုရား။

"ဟုတ်ပါဘူး၊ အေးစေတီ ဘုရားပေါ်မှာ မနေ့ညက မဟုတ်ဘူး။ မနေ့ညက ဂေါပကအစည်းအဝေးရှိတယ်။ ဂေါပက အစည်းအဝေးက ဘုန်းကြီးဟိုဟာလုပ်လို့ မစည်းဝေးဖြစ်ဘူး ဂေါပကအစည်းအဝေး။ မနက်ကတော့ ပရိတ်ရွက်ကြတယ်ပေါ့။ "

ဒီဗွီဘီ။ ။ မနက်က ပရိတ်ရွက်တဲ့ အထဲမှာ ဦးဇင်းဘုရား ပါလားဘုရား။

"မပါ ပါဘူးဗျာ။ ဘုန်းကြီး မပါ ပါဘူး။ ဘုန်းကြီးတို့တောင် မသိလိုက်ဘူး။ ဆွမ်းစားအပြန် ဘာမသိ ညာမသိနဲ့ သွားလိုက်ကြတာပါ။ "

ဒီဗွီဘီ။ ။ ဒီသက်ဆိုင်ရာကနေပြီးတော့ ဓာတ်ပုံတွေ ဘာတွေ ရိုက်ယူတယ်လို့ ကြားတယ် ဘုရား။

"အဲလိုတော့ ကြားတယ်။ ဘုန်းကြီးလဲ ကြားတယ်။ "

ဒီဗွီဘီ။ ။ ဒီကိုယ်တော် ဘယ်နှစ်ပါးလောက် ဒီမေတ္တာပို့သခဲ့လဲဘုရား။ မနက်တုန်းက။

"(၅၀) လောက်တော့ ကြားတယ်။ "

ဒီဗွီဘီ။ ။ ဘယ်လိုဆုတောင်းကြတယ်လို့ ဦးဇင်း ကြားလဲဘုရား။

"သြော် ဒကာ ဒကာမတွေ ကျန်းမာချမ်းသာပါစေဆိုတဲ့ အကြောင်းကို ပြောတာပေါ့။ ပြည်သူ ပြည်သား ကျန်းမာချမ်းသာကြပါစေ။ အဲဒါ ဆုတောင်းတာပါပဲ။ ဒီအပြင် ဘာမှတော့ ကြမ်းကြမ်းတမ်းတမ်း မရှိပါဘူး။ မေတ္တာပို့တာပါပဲ။ "

ဒီဗွီဘီ။ ။ သံဃာတော် တပါးအနေနဲ့ မေတ္တာပို့သ ဆုတောင်းတာဟာ ဝိနည်းတော်နဲ့ ညီလား မညီလား အဲဒါ သိပါရစေ ဘုရား။

"မေတ္တာပို့တယ်ဆိုတာကတော့ ဘုန်းကြီးတို့ အနေနဲ့ကတော့ တိုင်းသူ ပြည်သား ဆွမ်းဒကာ ဒကာမ ဆွမ်းစားတယ်ဆိုလို့ရှိရင်တော့ မေတ္တာ စိတ္တံ ဘာဝတ္ထိ ကရုဏာစိတ္တံ ဘာဝတ္ထိ မုဒိတာ စိတ္တံ ဘာဝတ္ထိ တဿ ပုည ဒကာ ဒကာမတွေ ကျန်းမာချမ်းသာပါစေဆိုတာကတော့ သူတို့ရဲ့ ပစ္စဂန ဆင်ခြင်တဲ့ သဘောနဲ့ ဒါ ဆရာတော်တွေရဲ့ မေတ္တာထုံးစံကတော့ ပို့ရမှာပေါ့။ ဟို ကျောင်းရောက်နေလို့ရှိရင် စာဝါကျက်တာတို့၊ စာပေ ပရိရတ် လုပ်တာတို့ ဒါတွေဟာ ဓမ္မ ပူစာတွေ သူတို့မှာ လှူနေတာပဲ။ အဲဒီတော့ မေတ္တာပို့သခြင်းဟာဆိုရင်လဲပဲ သူတို့အကျိုး သက်ရောက်တာပေါ့ဗျာ။ " ■

---

## သံဃာတွေသပိတ်မှောက်မယ့် အစီအစဉ်ကို မင်းသားကျော်သူ ထောက်ခံကြောင်း ပြောဆို

ဗွီအိုအေ ၊ ၁၆ ၊ စက်တင်ဘာ ၊ ၂၀၀၇

သံဃာတော်များကို ကိုယ်ထိလက်ရောက်စော်ကားတာဟာ ကိုယ့်ရဲ့မိဘကို စော်ကားသလိုဖြစ်တဲ့အတွက်သံဃာထုက သပိတ်မှောက်ကံဆောင်မယ်လို့ဆိုတာဟာ လုပ်သင့်လုပ်ထိုက်တယ်လို့ သူယူဆတဲ့အကြောင်း အကယ်ဒမီသရုပ်ဆောင် ဒါရိုက်တာ ဦးကျော်သူ က ပြောပါတယ်။

ဗွီအိုအေ။ ။ပခုက္ကူမှာသံဃာတော်တွေကို စော်ကားခဲ့တဲ့ကိစ္စနဲ့ ပတ်သက်ပြီး စစ်အစိုးရအနေနဲ့ လာမယ့်တနင်္လာနေ့မှာ ဝန်ချတောင်းပန်ခြင်းမလုပ်ရင် အင်္ဂါနေ့ကစပြီး သပိတ်မှောက်ကံဆောင်မယ်လို့ သံဃာထုကပြောထားပါတယ်။ ဒီအပေါ်မှာ ကိုကျော်သူအနေနဲ့ ဘယ်လိုမြင်သလဲရှင့် –

"ဒါကတော့ သံဃာရယ်လို့မဟုတ်ပါဘူး၊ ရိုးရိုးသာမန်လူတယောက်အနေနဲ့လည်း ဒီလို မတရားအရိုက်နှက်ခံရမယ်ဆိုရင် သူတို့လည်း တော်တော်ခံစားရမှာပါ။ အခုဟာက ဆိုးတာက ဘုရားရဲ့သားတော်တွေဖြစ်တဲ့ ဒီ သံဃာတော်တွေကို အဲဒီလို ကိုယ်ထိလက်ရောက်စော်ကားတဲ့အတွက်သံဃာထုကလည်း မခံနိုင်ဘူး၊ သဃာထုမခံနိုင်တဲ့အလျောက် ကျနော်တို့ပြည်သူတွေအများစုကလည်းဘုရားကိုယ်စား သံဃာထုကို ကိုးကွယ်နေရတဲ့၊ အားထားနေရတဲ့အချိန်မှာ ကိုယ့်ရဲ့အမိအဖကို စော်ကားသလိုအဖြစ်ခံရတဲ့အတွက် ဒီလုပ်ရပ်က သံဃာထုအနေနဲ့က လုပ်သင့်လုပ်ထိုက်တယ်လို့ ကနော်ယူဆပါတယ်။ ဒါပေမယ့် ရှေ့ဆက်ပြီး ကျနော်တို့က မေတ္တာတရားတွေပွားပြီးတော့၊ မေတ္တာတရားနဲ့တဦးနဲ့တဦး ပြေပြေလည်လည်နဲ့ ဆွေးနွေးတိုင်ပင်ကြတယ်ဆိုရင်တော့ အကောင်းဆုံးနည်းလမ်းလို့ကျနော် မြင်ပါတယ်ခင်ဗျ။"

> "ကိုယ်ထိလက်ရောက်စော်ကားတဲ့အတွက် သံဃာထု ကလည်းမခံနိုင်ဘူး၊ သဃာထုမခံနိုင်တဲ့ အလျောက် ကျနော်တို့ပြည်သူတွေ အများစုကလည်းဘုရားကိုယ်စား သံဃာထုကို ကိုးကွယ်နေရတဲ့၊ အားထားနေရ တဲ့အချိန်မှာ ကိုယ့်ရဲ့အမိအဖကို စော်ကားသလိုအဖြစ်ခံရတဲ့အတွက် ဒီလုပ်ရပ်က သံဃာထုအနေနဲ့က လုပ်သင့်လုပ်ထိုက်တယ်လို့ ကနော်ယူဆပါတယ်။"

ဗွီအိုအေ။ ။ အခု ကျမတို့ကြားရတာကလေ အနုပညာအသိုင်း အဝိုင်းမှာလည်း နိုင်ငံခြားကနေ ဖုန်းတွေခေါ်လာရင်၊ သတင်းမေးရင် ဘာညာ ပြန်မဖြေဘို့လို့ကြားရတယ်၊ အဲဒါရော ဟုတ်ပါသလားရှင့် –

"အဲဒါ တနေ့ကဘဲ ကျနော့်ကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကနေခေါ်ပြီးတော့ ဒီလိုအင်တာဗျူးတွေ ဘာညာ မလုပ်ဖို့ ပြောတယ်။ ခေါ်ပြောပေမယ့် ဒါ ကျနော် နိုင်ငံရေးလုပ်တာမဟုတ်ပါဘူး၊ဒါ လူမှုရေးသက်သက် အင်တာဗျူး လုပ်နေတာပါ။ လူမှုရေးအကြောင်းအရာဘဲပြောပါတယ်လို့ အဲဒီလိုဘဲ ကျနော် ပြန်ဖြေခဲ့ပါတယ်ခင်ဗျ။ ဒိပြင် အနုပညာရှင်တွေကိုတော့ မပြောတတ်ဘူးပေါ့။ ကျနော့်ကိုတော့ခေါ်ပါတယ်။"

ဗွီအိုအေ။ ။ ကိုကျော်သူ့ ကို ခေါ်တဲ့နေ့က ကိုကျော်သူတယောက်ထဲလား

"ဟုတ်ကဲ့၊ ကျနော်တယောက်ထဲပါဘဲ။"

ဗွီအိုအေ။ ။ တခြားရော သူတို့ အဲဒီနေ့က ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာတွေပြောသေးတာရှိလဲ၊ ကိုကျော်သူ့ ဖက်ကအဲဒီလို ပြန်ပြောတော့လေ –

"တခြား သူတို့ကပြောတာတော့ ဘယ်နေ့ ဘယ်ရက်၊ ရက်စွဲအတိအကျနဲ့ပေါ့လေ၊ ဘယ်နေ့ဘယ်ရက်က ဘယ်အင်တာဗျူးကိုဖြေတယ်၊ ဘယ်အချိန်မှာဖြေတယ်၊ အဲဒီဟာတွေကို သူတို့က အသေအချာမှတ်သားပြီးတော့ သူတို့ပြန်ကြားရေးဌာနကနေပြီးတော့ မေးခိုင်းတဲ့မေးခွန်းတွေပေါ့လေ၊ အဲဒီမေးခွန်းတွေကို ကျနော့်ကို တခုချင်း မေးတယ်။ ကျနော်ကလည်း တခုချင်း ပြန်ဖြေပါတယ်။"

ဗွီအိုအေ။ ။ ကိုကျော်သူ အဲဒီလိုမျိုးခေါ်ပြီးတော့ အမေးခံရတာမျိုး၊ သတိပေးခံရတာမျိုးဖြစ်တော့ ကိုကျော်သူ့အနေနဲ့ဘယ်လို ခံစားရသလဲရှင့် –

"ကျနော်ကတော့ စိတ်မကောင်းဘူးပေါ့လေ၊ ဒါ လူမှုရေး ဘာသာရေး သက်သက်လုပ်နေတဲ့လူတွေကို အဲဒီလိုခေါ်ပြီးတော့ ဒီလို အပြောခံရတယ်ဆိုတာ ခေါ်တဲ့လူတွေအတွက်လည်း အင်မတန်ရှက်ဖို့ကောင်းပါတယ်။ ကျနော်တို့ သွားဖြေရတဲ့လူကတော့ အကြောင်းမဟုတ်ပါဘူး။ ဒီဟာ ဒီလိုမေးတယ်ဆိုတာ သူတို့လည်း သိသိကြီးနဲ့မေးနေရတာ၊ အဲဒီတော့ သိပ်ပြီးတော့ အဓိပ္ပါယ်မရှိပါဘူး ခင်ဗျ။"

ဗွီအိုအေ။ ။ အခု ကိုကျော်သူ့ ဖုန်းကိုအထွက်ဖြတ်ထားတယ်နော်

"ခုနကတော့ဖြတ်တယ်၊ အခုတော့ ပြန်ကောင်းသွားတယ် ခင်ဗျ။" ■

---

## စစ်တပ်ကားတွေ ဘုန်းကြီးကျောင်းတွေထဲမဝင်ဖို့ စစ်ရုံးချုပ်အမိန့်ထုတ်

ဒီဗွီဘီ ၊ ၁၆ ၊ စက်တင်ဘာ ၊ ၂၀၀၇

ဘုန်းတော်ကြီးကျောင်းတွေ အပါအဝင် သာသနိကအဆောက်အဦးတွေထဲကို နအဖ စစ်တပ်အမှတ်အသားပါ မော်တော်ယာဉ်တွေ ဝင်ထွက်သွားလာတာမလုပ်ကြဖို့ စစ်ရုံးချုပ်ကအမိန့်ထုတ်ထားကြောင်း စစ်ရုံးချုပ်နဲ့နီးစပ်သူတွေက ပြောပါတယ်။ ခုအချိန်ဟာ နိုင်ငံရေးအရ သတိထားရမယ့်အခြေအနေဖြစ်လို့ တပ်ဖွဲ့ဝင်အားလုံး အထူးသတိထား ဆောင်ရွက်ကြဖို့လည်း စစ်ရုံးချုပ်က အမိန့်ထုတ်ထားတယ်လို့ဆိုပါတယ်။ အာဏာပိုင်တွေနဲ့ ပြည်ခိုင်ဖြိုး(ကြံ့ဖွံ့)၊ စအ(စွမ်းအားရှင်)တို့ရဲ့ လှုပ်ရှားမှုတွေကို သတင်းမီဒီယာတွေက အမြဲတစေ စောင့်ကြည့် သတင်းယူ ဖော်ပြနေကြတဲ့အတွက် ပိုသတိထားကြဖို့ ညွှန်ကြားချက်မှာပါရှိတယ်လို့လည်း ဆိုပါတယ်။

တယ်လီဖုန်းတွေဝင်လာရင် အရာရှိတွေကလွဲပြီး အောက်ခြေအဆင့်တွေကို လက်ခံဖြေဆိုတာ လုံးဝမလုပ်ဖို့၊ လုံ့ဆော်စာဖြန့်ဝေနေသူတွေကို လက်ရဖမ်းဆီးနိုင်အောင် ကြိုးစားကြဖို့၊ ဆန္ဒပြပွဲ သတင်းတွေကို ကြိုတင်သိရှိရယူပြီး လက်ဦးမှုယူ ခြေမှုန်းနိုင်အောင် သတင်းတပ်ခွဲတွေက အရပ်ဝတ်တွေနဲ့ လျှို့ဝှက်သတင်းရယူကြဖို့၊ အားလုံး အရပ်ဝတ်တွေနဲ့ပဲ လျှို့ဝှက်ကွပ်ကဲကြဖို့ စတာတွေကို စက်တင်ဘာ (၁၁)ရက် နေပြည်တော် စစ်ရုံးချုပ်အစည်းဝေးမှာဆုံးဖြတ်ခဲ့ကြောင်း စစ်ရုံးချုပ်နဲ့ နီးစပ်သူတဦးက ပြောပါတယ်။ ■

---



# လေ့လာရေးခရီးအမည်တပ်ပြီး ဘုရားသားတော်များနှင့် ကျောင်းသားငယ်လေးများကို ရန်တိုက်ပေးရန် န အ ဖ စီစဉ်နေ

ရောဝတီ ၊ ၁၆ ၊ စက်တဘ်ာ ၊ ၂၀၀၇

ရန်ကုန်မြို့ရှိ အခြေခံပညာအလယ်တန်း၊ အထက်တန်းကျောင်းများမှ ၆ တန်း– ၇တန်း အရွယ် ကျောင်းသူကျောင်းသားများအား လေ့လာရေးခရီးထွက်ရန် ဟုဆိုကာ အာဏာပိုင်များမှ လိမ်လည်လှည့်ဖျားပြီး ပခုက္ကူမြို့သို့ အဝေးပြေးကားများဖြင့် တင်ဆောင်ခေါ်ယူသွားကြောင်း သတင်းရရှိပါသည်။

ကျမတို့ ကလေးတွေကိုပေ့ါနေ့ာ် လေ့လာရေး ခရီးထွက်မယ်ဆိုပြီး ပြီးခဲ့တဲ့သောကြာနေ့ညမှာ ပခုက္ကူမြို့ကို ခေါ်သွားဖို့ဆရာ၊ ဆရာမတွေ ကြံ့ခိုင်ဖွံ့ဖြိုးအဖွဲ့ဝင်တွေက စီစဉ်နေကြတယ်။ အဝေးပြေးကားတွေမှာလည်း (၈၈)မျိုးဆက်သစ်ကျောင်းသားများဆိုတဲ့ ဆိုင်းဘုတ်တွေ ရေးသားတပ်ဆင်ထားတယ်။ သူတို့လုပ်ရပ်ကို ကျမ မသကၤာတာနဲ့ ကျမ ကလေးတွေကို ကျမ ပြန်ခေါ်လာခဲ့တယ်။ မထည့်လိုက်ဘူး။ ဗိုလ်တ ထောင်မြို့နယ် အမှတ် (–) အခြေခံပညာအထက်တန်းကျောင်းမှ အမည်မဖော်လိုသူ ကျောင်းသားမိဘတဦးမှ ပြောပြသွားတာဖြစ်ပါတယ်။

> **"ကလေးတွေကိုပေ့ါနေ့ာ် လေ့လာရေး ခရီးထွက်မယ်ဆိုပြီး ပြီးခဲ့တဲ့သောကြာနေ့ညမှာ ပခုက္ကူမြို့ကို ခေါ်သွားဖို့ ဆရာ၊ ဆရာမတွေ ကြံ့ခိုင်ဖွံ့ဖြိုးအဖွဲ့ဝင်တွေက စီစဉ်နေကြတယ်။ အဝေးပြေးကားတွေမှာလည်း ၈၈ မျိုးဆက်သစ်ကျောင်းသားများ ဆိုတဲ့ ဆိုင်းဘုတ်တွေ ရေးသားတပ်ဆင်ထားတယ်။ သူတို့လုပ်ရပ်ကို ကျမ မသကၤာတာနဲ့ ကျမ ကလေးတွေကို ကျမ ပြန်ခေါ်လာခဲ့တယ်။"**

လေ့လာရေးခရီးသို့ ကျောင်းတကျောင်းကို ကျောင်းသူကျောင်းသား (၂၅)ယောက်နှင့် ဆရာ ဆရာမတဦးကျစီ လိုက်ပါမည်ဖြစ်ကြောင်း အာဏာပိုင်များမှ လျှို့ဝှက်ညွှန်ကြားချက်ထုတ်ပြန်ထားပြီး ပုဇွန်တောင်၊ ဗိုလ်တထောင်၊ အလုံ၊ စမ်းချောင်း၊ ဒဂုံ၊ တာမွေ အစရှိတဲ့ မြို့နယ်များရှိ အခြေခံပညာအလယ်တန်း၊ အထက်တန်းကျောင်းများသို့ ပေးပို့ထား သည်။

"အာဏာပိုင်တွေလုပ်ရပ်ကိုကြည့်ရတာ မရိုးသားဘူး၊ လေ့လာရေးခရီးထွက်မယ်ဆိုပြီး ဆိုင်းမဆင့်ဗုံမဆင့် စီစဉ်ညွှန်ကြားပြီး ပခုက္ကူဘက်ကို ခေါ်သွားတာဆိုတော့ သံဃာတော်တွေရဲ့ သပိတ်မှောက်ကံဆောင်တဲ့ လှုပ်ရှားမှုကို ဖျက်လို ဖျက်ဆီးလုပ်လို့ ဖြစ်နိုင်တယ်။ ကျောင်းသားငယ်လေးတွေကို အသုံးချပြီး တန်ပြန်ကန့်ကွက်ပွဲတွေ ဘာတွေ လုပ်မယ်ထင်တယ်။"

ရန်ကုန်မြို့နေ အကဲခတ်တဦးမှ ၎င်း၏ အမြင်ကို ပြောကြားသွားတာဖြစ်ပါတယ်။ ■

▬ ▬ ▬ ▬ ▬ ▬ ▬ ▬ ▬ ▬ ▬ ▬ ▬ ▬

# မနက်ဖြန်ကစပြီး အရေးပေါ်နေ့ [၂]ရက် အစိုးရရုံးများမှာ ထုတ်ပြန်ထား

ဒီဗွီဘီ ၊ ၁၆ ၊ စက်တဘ်ာ ၊ ၂၀၀၇

နအဖအစိုးရက မနက်ဖြန် စက်တင်ဘာ (၁၇) ရက်နဲ့ သန်ဘက်ခါ (၁၈) ရက်တို့ကို အရေးပေါ်နေ့များအဖြစ် ကြေညာထားပါတယ်။ သတင်းစာနဲ့ ရေဒီယိုနဲ့ရုပ်သံတို့က ကြေညာထားတာမဟုတ်ပေမယ့် အစိုးရရုံးများအတွင်း ကန့်သတ်ထုတ်ပြန်ထားကြောင်း အမည်မဖော်လိုတဲ့ ရန်ကုန်မြို့ခံ ဝန်ထမ်းတဦးက ပြောပါတယ်။

ဝန်ထမ်းတိုင်း မနက် (၉) နာရီထက် နောက်မကျစေဘဲ ရုံးအရောက်လာရမှာဖြစ်ပြီး ညနေ ရုံးဆင်းချိန်အထိ ရုံးတံခါးတွေ သော့ခတ်ထားရမယ်လို့ အမိန့်ကဆိုပါတယ်။ ဒ့ါအပြင် ရုံးဆင်းချိန်အထိ ဝန်ထမ်းတိုင်း အပြင်ထွက်ခွင့် လုံးဝမရှိဘူးလို့ ဆိုပါတယ်။

လွန်ခဲ့တဲ့ (၂) ရက်ကစတင်ပြီး ဝန်ကြီးဌာနတိုင်း၊ ရုံးတိုင်းမှာ အရေးပေါ် တံခါးပိတ်အစည်းအဝေးတွေလုပ်ခဲ့ပြီး လာမယ့် (၁၇) ရက်နဲ့ (၁၈) ရက်တို့မှာပြုလုပ်မယ့် ဆန္ဒပြပွဲတွေမှာ ဝန်ထမ်းတွေမပါဝင်ဖို့နဲ့ ပါဝင်ရင် ဌာနတခုလုံးကို အလုပ်ဖြုတ်ပစ်မယ်လို့ သက်ဆိုင်ရာ ညွှန်မှူးတွေက ပြောဆိုထားပြီး ဖြစ်ပါတယ်။

သံဃာတော်တွေက သတ်မှတ်ထားတဲ့အတိုင်း မနက်ဖြန် (၁၇) ရက်မှာမှ အစိုးရကမတောင်းပန်ရင် (၁၈) ရက်မနက် အရုဏ်တက်မှာ ပတ္တနိက္ကုဇ္ဇနသပိတ်မှောက်ကံဆောင်မယ့်အရေးကြောင့် နအဖအစိုးရက စိုးရိမ်ပူပန်ပြီး ဝန်ထမ်းတွေကို ကြပ်မတ်ကန့်သတ်နေတာလို့ ရန်ကုန်ဝန်ထမ်းတွေအကြား ဝေဖန်နေကြကြောင်း စုံစမ်းသိရှိရပါတယ်။ ■

▬ ▬ ▬ ▬ ▬ ▬ ▬ ▬ ▬ ▬ ▬ ▬ ▬ ▬

# မြန်မာနိုင်ငံကို ဘာသာရေးလွတ်လပ်ခွင့် အထူးစိုးရိမ်ရတဲ့နိုင်ငံအဖြစ် အမေရိကန်ဖေါ်ပြ

ဗွီအိုအေ ၊ ၁၆ ၊ စက်တဘ်ာ ၊ ၂၀၀၇

အမေရိကန်နိုင်ငံခြားရေးဌာနကနေ နှစ်စဉ်ထုတ်ပြန်တဲ့ နိုင်ငံတကာက ဘာသာရေးလွတ်လပ်ခွင့် အစီရင်ခံစာကို အခု ၂၀၀၇ ခုနှစ်အတွင်း မနေ့က ရက်စွဲနဲ့ ထုတ်ပြန်ခဲ့သလို၊ ဒီအစီရင်ခံစာနဲ့ပတ်သက်လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးကိုယ်တိုင် သတင်းစာရှင်းလင်းပွဲတစ်ရပ် ဝါရှင်တန်ဒီစီမှာ ပြုလုပ်သွားပါတယ်။

ဒီအစီရင်ခံစာထဲမှာမြန်မာနိုင်ငံအတွင်းက ဘာသာရေးလွတ်လပ်ခွင့်နဲ့ပတ်သက်လို့ အရင်နှစ်တွေကလို ဘာသာရေးလွတ်လပ်ခွင့်မှာအထူးစိုးရိမ်ရတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ရည်ညွှန်းဖော်ပြခဲ့ပါတယ်။ အကြောင်းစုံကို ဦးသားညွှန်ဦးက တင်ပြထားပါတယ်။

ဒီနှစ်အစီရင်ခံစာထဲမှာ ဘာသာရေးဖိနှိပ်မှုအဆိုးဆုံးဆိုတဲ့ စာရင်းထဲမှာ အီရန်၊ အီရစ်သရီးယား၊ တရုတ်နိုင်ငံတွေနဲ့အတူ မြန်မာနိုင်ငံလည်း ပါဝင်ပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ မွတ်စလင် ဘာသာဝင်တွေ၊ ခရစ်ယာန်ဘာသာဝင်တွေနဲ့ ဗုဒ္ဓဘာသာဝင်တွေအပေါ်မှာ အထူးတလည် နှိပ်ကွက်တဲ့ကိစ္စတွေအပေါ်မှာ ဖြစ်ရပ်တချို့နဲ့တကွ ဒီအစီရင်ခံစာက ဖော်ပြခဲ့ပါတယ်။ မနေ့က အမေရိကန်နိုင်ငံခြားရေးဌာနမှာ လုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာတော့နိုင်ငံခြားရေးဌာနရဲ့ အထူးသံအမတ်ကြီး မစ္စတာ ဂျွန်ဟမ်ဖို့ဒ် (John Hanford) ကတော့ မြန်မာနိုင်ငံနဲ့ပတ်သက်လို့အခုလို ပြောသွားပါတယ်။

“မြန်မာစစ်အစိုးရဟာ ဘာသာရေး အဖွဲ့အစည်းတွေ အပါအဝင် အသင်းအဖွဲ့အားလုံးရဲ့လှုပ်ရှားမှုကို လျှို့ဝှက်ထောက်လှမ်းစောင့်ကြည့်တာ

အဲဒီအဖွဲ့တွေအတွင်းထဲကို သူတို့လူတွေ ထိုးဖောက်ဝင်ရောက်တာတွေကို ဆက်ပြီးလုပ်နေပါတယ်။”

ဒါကြောင့်လည်းပဲ CSW ကမ္ဘာ့ခရစ်ယာန် သွေးစည်းညီညွတ်ရေးအဖွဲ့က မြန်မာနိုင်ငံနဲ့ပတ်သက်လို့အစီရင်ခံစာ ထုတ်ပြန်တဲ့အခါ ဒါကိုချေပဖို့ မြန်မာနိုင်ငံတွင်းက ဘာသာရေးအဖွဲ့အစည်းတွေ အားလုံးကို ဖိအားပေး အကြပ်ကိုင်တာတွေလုပ်ခဲ့တယ်လို့ နိုင်ငံခြားရေးဌာန အစီရင်ခံစာမှာ ထောက်ပြထားပါတယ်။ အရင်နှစ်တွေကလည်းအမေရိကန်နိုင်ငံခြားရေးဌာနရဲ့ လူ့အခွင့်အရေးအစီရင်ခံစာတို့၊ ဘာသာရေးလွတ်လပ်ခွင့်အစီရင်ခံစာတို့ ထုတ်ပြန်တဲ့အခါမှာ မြန်မာစစ်အစိုးရဖက်က ဒါတွေဟာ အနောက်စံနှုန်းတွေကို သွတ်သွင်းတာဆိုပြီးတော့ အစီရင်ခံစာပါ အချက်အလက်တွေကို ငြင်းပယ်လေ့ရှိပါတယ်။ သံအမတ်ကြီး ဂျွန်ဟမ်းဖို့ဒ်ကတော့ ဒီအခွင့်အရေးတွေဟာ နိုင်ငံတကာ စံနှုန်းတွေပါလို့ အခုလို ပြောခဲ့ပါတယ်။

> **“ဘာသာတရား ခြားနားမှုအပေါ်မှာ အခြေခံပြီးတော့ ဒီ ဘာသာ ဝင်တွေရဲ့ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေးစတဲ့ ကဏ္ဍအားလုံးမှာ အခွင့်အရေးတွေ ဆုံးရှုံးနေတာကို ကျနော်တို့ကနေပြီး တော့သိရမှာဖြစ်တယ်။ မှတ်ပုံတင်ကိစ္စမှအစသန်းခေါင်စာရင်း၊ မွေးစာရင်း စတဲ့ကိစ္စအပါအဝင် နိုင်ငံကူးလက်မှတ် (Passport)ထုတ်တဲ့ နေရာမှာလည်း အခက်အခဲတွေအများကြီး တွေ့ကြုံရမှာဖြစ်တယ်။ အထူးသဖြင့် အစ္စလာမ်ဘာသာဝင် မွတ်စလင်တွေအတွက် အင်မတန်မှ ခက်ခဲနေတာကို ကျနော်တို့ တွေ့ရမှာ ဖြစ်တယ်။”**

“အခုဒီအစီရင် ခံစာနဲ့ပတ်သက်လို့ သိစေချင်တာကတော့ ဒါဟာ အမေရိကန်တွေက ချည်းကပ်တဲ့အမြင်ကို အခြားနိုင်ငံတွေအတွက်ပါ ပုံတူသွတ်သွင်း နေတာမဟုတ်ပါဘူး။ ဒီ ဘာသာရေး လွတ်လပ်ခွင့်ဆိုတာ နိုင်ငံတကာစာချုပ် စာတမ်းတွေအတော်များများမှာ ပါထားပြီးသား လူ့အခွင့် အရေးတွေပါ။ ဒါပေမယ့်လည်း ဒီ လူ့အခွင့်အရေးကို လေးစားလိုက်နာဖို့ကို နိုင်ငံအစိုးရအတော်များများက လစ်လျူပြုနေကြပါတယ်။”

အစီရင်ခံစာထဲမှာပဲ မြန်မာနိုင်ငံတွင်းက မွတ်စလင်ဘာသာဝင်တွေ ခရစ်ယာန်ဘာသာဝင်တွေကို သီးခြားဖိနှိပ်တာ၊ နိုင်ငံသားဆိုင်ရာ ရပိုင်ခွင့်တွေ မပေးပဲထားတာ သူတို့ရဲ့ဘာသာရေးကျောင်း စာသင်ကျောင်းတွေကို ခွင့်မပြုတာ စသဖြင့် အချက်အလက်တွေနဲ့ ထောက်ပြထားပါတယ်။ ဒါနဲ့ပတ်သက်လို့ အမေရိကန်ပြည်ထောင်စုကိုရောက်နေတဲ့ မြန်မာနိုင်ငံက အမည်မဖော်လိုတဲ့ ခရစ်ယာန် သင်းအုပ်ဆရာတော်တစ်ပါးက အခုလိုမိန့်ပါတယ်။

“ခရစ်ယာန်မှာဆိုရင် ကျနော်တို့က အစည်းအဝေးတွေ လုပ်တတ်တယ်လေ၊ လူထုအစည်းအဝေးတွေပေ့ါနော်၊ တရားဟောပွဲတွေ၊ ဘုရားကျောင်းတွေမှာပဲ ခွင့်ပြုပြီးတော့ ခမ်းမတစ်ခုကို ငှားပြီးတော့ ဟိုညစ္စာ လုပ်မယ်၊ သူတို့ ခွင့်မပြုဘူး။ စာပေထုတ်လုပ်ရေးနဲ့ပတ်သက်ပြီးတော့မှလည်း ကျနော်တို့ထုတ်ချင်တိုင်း ထုတ်လို့မရဘူး။”

ဗွီအိုအေ။ ။ အဓိက သူတို့ ဘာကြောင့် ပိတ်ပင်တာလဲခင်ဗျ။ နိုင်ငံရေးကြောင့်ပဲလား၊ ဘာသာရေးအရကို သက်သက်
နှိပ်ကွက်တဲ့ပုံစံမျိုးလား။–

“ကျနော့် စိတ်ထင်တော့ အဲဒီ ဘာသာရေးကို ခရစ်ယာန်ဘာသာရေး မပြန့်ပွားဖို့ပေ့ါနော်၊ အဲဒါ ဖြစ်လိမ့်မယ်။ ဥပမာ – ရန်ကုန်မြို့မှာဆိုရင် ဘယ်မှာမှ ကျနော်တို့ ဘုရားကျောင်း ဆောက်လို့မရဘူး။”

အစ္စလာမ်ဘာသာနဲ့ပတ်သက်လို့လည်း အလားတူလိုပါပဲတဲ့၊ အစ္စလာမ်ဘာသာနဲ့ ပတ်သက်ပြီးတော့ မြန်မာအစိုးရက ဖိနှိပ်မှုတွေအကြောင်းကို ပြင်သစ်နိုင်ငံရောက်နေတဲ့ ဦးလှအောင်က အခုလို ပြောပါတယ်။

“ဘာသာတရား ခြားနားမှုအပေါ်မှာ အခြေခံပြီးတော့ ဒီ ဘာသာဝင်တွေရဲ့ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး စတဲ့ ကဏ္ဍအားလုံးမှာ အခွင့်အရေးတွေ ဆုံးရှုံးနေတာကို ကျနော်တို့ကနေပြီးတော့သိရမှာဖြစ်တယ်။ မှတ်ပုံတင်ကိစ္စမှအစ သန်းခေါင်စာရင်း၊ မွေးစာရင်း စတဲ့ကိစ္စအပါအဝင် နိုင်ငံကူးလက်မှတ် (Passport) ထုတ်တဲ့နေရာမှာလည်း အခက်အခဲတွေ အများကြီး တွေ့ကြုံရမှာဖြစ်တယ်။ အထူးသဖြင့် အစ္စလာမ်ဘာသာဝင် မွတ်စလင်တွေအတွက် အင်မတန်မှ ခက်ခဲနေတာကို ကျနော်တို့တွေ့ရမှာဖြစ်တယ်။”

ခရစ်ယာန်ဘာသာဝင်နဲ့ အစ္စလာမ်ဘာသာဝင်တွေကို ဖိနှိပ်ရုံတင်မဟုတ်ဘဲနဲ့ ဗုဒ္ဓဘာသာဝင်တွေကိုပါဘာသာရေးလွတ်လပ်ခွင့် ဆုံးရှုံးရတယ်လို့ ဒီ အစီရင်ခံစာထဲမှာ ဖော်ပြထားပါတယ်။ အထူးသဖြင့်ဆိုရင်တော့ အပတ်စဉ် အင်္ဂါနေ့ဝတ်ပြုဆုတောင်းတဲ့ ဒေါ်နော်အုန်းလှနဲ့အဖွဲ့ကို ကြံ့ခိုင်ရေးအဖွဲ့ဝင်တွေက နှောက်ယှက်ဟန့်တားတာ၊ ဘုရားပုထိုးတွေမှာ အဲဒီအချိန်ကျရင် ဝတ်ပြုဆုတောင်းလို့မရအောင် အမှိုက်လှဲတာ၊ ရေတွေသွန်ချတာစသဖြင့် စီမံမှုတွေကိုလည်း အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ဒ့ါအပြင် မကြာခင်ကပဲ ဆန္ဒပြလို့အဖမ်းခံခဲ့ရတဲ့ကိုထင်ကျော်ကို မတ်လ (၂၂)ရက်နေ့တုန်းက ဘုန်းကြီးဝတ်ဖို့ သူကလုပ်တာကို အာဏာပိုင်တွေက တားမြစ်ပိတ်ပင်တာကိုလည်း ဖော်ပြပါတယ်။ ဒါကြောင့်မို့လို့လည်း ဗုဒ္ဓဘာသာဝင်တွေအပေါ်မှာလည်း စစ်အစိုးရဟာဘာသာရေးအရ သက်သက်မဟုတ်ပေမယ့် ဖိနှိပ်စော်ကားမှုတွေရှိနေတယ်လို့ ဂျာမဏီနိုင်ငံရောက် အရှင်သောပါကကအခုလို မိန့်ပါတယ်။

“ဟိုမှာ ငြိမ်းငြိမ်းချမ်းချမ်း ဆုတောင်းတာကို မလုပ်ရဘူးဆိုပြီးတော့ ဆုတောင်းတဲ့သူတွေကိုတားဆီးတာ၊ ပိတ်ပင်တာ၊ နောက် ဘုရားစေတီတွေမှာ တံခါးတွေ ပိတ်ထားတာ။ ဥပမာ – ၈၈ ကျောင်းသားတွေဆိုရင် ဘုရားသွားဖူးပြီးတော့ ဆုတောင်းဖို့လုပ်တာကို တခါတည်း ဘုရားတွေ တံခါးတွေပိတ်ထားတာပေ့ါလေ။ ဘယ်လိုမှ မလုပ်သင့်မလုပ်ထိုက်တဲ့ကိစ္စတွေ။”

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်ကတော့ အခုဒီအစီရင်ခံစာဟာ ဘာသာရေး လွတ်လပ်ခွင့်တွေအတွက် အားဖြစ်စေဖို့ရည်ရွယ်တယ်လို့ အခုလို ပြောခဲ့ပါတယ်။

“ဒီ အစီရင်ခံစာကနေပြီးတော့ အစီရင်ခံစာထဲမှာ ဖော်ပြထားသူတွေ၊ သူတို့ရဲ့လွတ်လပ်စွာယုံကြည် ကိုးကွယ်ခွင့်ကို အစိုးရကနေ ငြင်းပယ်ခံရသူတွေအတွက် အားဖြစ်စေဖို့ မျှော်လင့်ပါတယ်။”

အစီရင်ခံစာထဲမှာတော့ ဒီအစီရင်ခံစာကိုရေးသားနေစဉ်မှာပဲ မြန်မာနိုင်ငံက သံရုံးဝန်ထမ်းတွေဟာ မြန်မာနိုင်ငံအတွင်း ဘာသာရေးလွတ်လပ်ခွင့် ဘယ်လောက် တိုးတက်လာသလဲဆိုတာသိရှိနိုင်ဖို့ အစိုးရပိုင်း၊ စစ်ဖက်ဝန်ထမ်းတွေ၊ နောက် သာမန်ပြည်သူတွေ၊ ပညာတတ်တွေ အစိုးရမဟုတ်တဲ့အဖွဲ့ကသူတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ မီဒီယာပိုင်းကလူတွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့သလို၊ ဘာသာရေးအဖွဲ့အစည်းအသီးသီးက ခေါင်းဆောင်တွေ၊ လူနည်းစုခေါင်းဆောင်တွေနဲ့ တွေ့ဆုံဆွေးနွေးပြီးမှ အခုလို မြန်မာနိုင်ငံနဲ့ပတ်သက်လို့ အစီရင်ခံစာကို ရေးတာလို့ ဖော်ပြထားပါတယ်။ ■

# မြန်မာစစ်အစိုးရကို ကမ္ဘာပေါ်မှာ အဆိုးရွားဆုံးအစိုးရအဖြစ် ကမ္ဘာ့ဘဏ်က သတ်မှတ်ခဲ့

ဗွီအိုအေ ၊ ၁၆ ၊ စက်တဘ်ာ ၊ ၂၀၀၇

ကမ္ဘာ့ဘဏ်က ကြီးမှူးတဲ့ ကမ္ဘာတဝန်းအစိုးရတွေရဲ့ အုပ်ချုပ်ဆိုင်ရာ ညွှန်ပြကိန်း (The WorldwideGevernance Indicators - WGI) ရဲ့ Governance Matters 2007 ထုတ်ပြန်ချက်မှာ မြန်မာစစ်အစိုးရဟာ ပြောရေးဆိုခွင့်နဲ့တာဝန်ခံမှုမရှိဆုံး အဆင့်အနိမ့်ဆုံး သုညရာခိုင်နှုန်းမှာ ဖော်ပြထားပြီး အဆိုးရွားဆုံး အစိုးရတွေစာရင်းမှာ ထည့်သွင်းသတ်မှတ်လိုက်ပါတယ်။

ဒီထုတ်ပြန်ချက်မှာ ၁၉၉၆ ခုနှစ်ကစပြီး ပြီးခဲ့တဲ့ ၂၀၀၆ ခုနှစ်အထိ နိုင်ငံပေါင်း (၂၁၂) နိုင်ငံက အစိုးရတွေရဲ့စည်းမျဉ်းဥပဒေ၊ နိုင်ငံရေးတည်ငြိမ်မှု၊ ထိရောက်တဲ့ လုပ်ဆောင်ချက်၊ ကျင့်သုံးတဲ့ အာဏာအမျိုးအစား၊ လွတ်လပ်စွာ ပြောရေးဆိုခွင့်ရှိမှုနဲ့ တာဝန်ခံမှု၊ အဂတိလိုက်စားမှု စတဲ့ အချက် (၆) ချက်အပေါ် အခြေခံပြီးတော့ သတ်မှတ်ခဲ့တာ ဖြစ်ပါတယ်။

ဒါကြောင့် ဒီ WGI ရဲ့ ထုတ်ပြန်ချက်နဲ့ပတ်သက်ပြီး အဝေးရောက် ညွန့်ပေါင်းအစိုးရ NCGUB ရဲ့ Burm Fund အဖွဲ့မှ စီးပွားရေးပညာရှင် ဦးစိန်ဌွေးကို ဗွီအိုအေက မေးကြည့်တော့ –

"ကျနော့်အနေနဲ့ ပြောရမယ်ဆိုရင်တော့ World Bank က သုတေသနလုပ်ပြီးတော့ ထုတ်ပြန်ချက်က ၂၀၀၆ ခုနှစ်က အချက်အလက်နဲ့ သူက ထုတ်ပြန်တာပေါ့ ဗျာ။ လက်ရှိအခြေအနေတောင် အဲဒီ ထုတ်ပြန်ချက်မှာ မပါသေးဘူး။ လက်ရှိ အခုခေတ် ဆီတွေ ဒီဇယ်တွေ ဈေးနှုန်းတက်ပြီး နောက်ပိုင်း တိုင်းပြည်တွင်း အခြေအနေတွေနဲ့သာ ဒါကို ပေါင်းစပ်ပြီးတော့ ဒီ Research (သုတေသန) ကို အဖြေထုတ်ရမယ်ဆိုရင် ကျနော်ထင်တယ်၊ ဒါက သုည တောင် မဟုတ်တော့ဘူး။ အနှုတ်ဖြစ်မှာ သေချာတယ်။"

**လက်ရှိ ဆီဈေးနှုန်းတက်လိုက်တာက နအဖရဲ့ စီးပွားရေး စီမံခန့်ခွဲမှု အလွန်ညံ့တယ်။ ဒီပြဿနာကို ကိုင်တွယ်တော့ ပိုပြီးတော့ ညံ့တယ်။ ဒါ့ကြောင့်မို့လို့ ဒီအချက်တွေနဲ့ ထည့်စဉ်းစားလို့ရှိရင် ကမ္ဘာ့အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းငွေကြေးအဖွဲ့အစည်းတွေက နအဖကို ငွေချေးဖို့၊ ဒီလိုလုပ်ငန်းနဲ့ ပတ်သက်ဖို့ဆိုတာ လုံးဝ မျှော်လင့်စရာအကြောင်းမရှိတော့ဘူး။ ဒီစံနှုန်းစံ ထားတွေကိုထက် ပိုဆိုးတဲ့ အခြေအနေကို ဖြစ်တဲ့အတွက်ကြောင့်ဒီအကျိုးဆက် ကတော့ အများကြီးဝင်သွားနိုင်ပါတယ်။**

အခုလို WGI ရဲ့ ထုတ်ပြန်ချက်ကြောင့် မြန်မာပြည်အပေါ် ဘယ်လို အကျိုးဆက်တွေ ဖြစ်လာနိုင်မလဲလို့ ဦးစိန်ဌွေးကို ဆက်မေးကြည့်တော့ –

"ကျနော်တို့ရရှိထားတဲ့ အချက်အလက် သတင်းအရဆိုရင် ကမ္ဘာ့ဘဏ်တို့၊ အပြည်ပြည်ဆိုင်ရာငွေကြေးရံပုံငွေအဖွဲ့တို့က ဗမာပြည်နဲ့ပတ်သက်လို့ နှစ်စဉ် Article - 4 (ပုဒ်မ ၄) ဆိုတဲ့ဆွေးနွေးမှုတွေ အမြဲလုပ်ပါတယ်။ အဲဒီအခြေအနေမှာ ကမ္ဘာ့ဘဏ်တို့ကလည်း ဗမာပြည်ကို ခင်ဗျားတို့ ကျနော်တို့ သတ်မှတ်ထားတဲ့ အဖွဲ့အစည်းတွေရဲ့ စံနှုန်းနဲ့ညီလို့ရှိရင် အကူအညီတွေပေးဖို့ အဆင်သင့်ဆိုပြီး ကမ်းလှမ်းပါတယ်။ အဲတော့ နအဖကလည်း နိုင်ငံတကာမှာ နိုင်ငံရေးအရ သူ့ရဲ့ image (မျက်နှာပြလို့) ကမကောင်းဘူး။ မကောင်း တဲ့အခါကျတော့ စီးပွားရေးတိုးတက်အောင်လုပ်ပါ့မယ်ဆိုပြီး ကြွေးကြော်ထားတဲ့အခါကျတော့ အခုနပြောတဲ့ ကမ္ဘာ့ဘဏ်တို့လို အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေအဖွဲ့ တို့လို ADB တို့လိုနဲ့ သူက အမြဲတမ်း ဆက်သွယ်ချင် တယ်။ ချေးငွေတွေ Loan ပေါ့လေ။ ဒါပေမယ့် ဒီလိုဟာတွေဖြစ်တဲ့အခြေအနေ မှာ သူ့စံနှုန်းတွေက ကျတဲ့အခါကျတော့ ဒီအကျိုးဆက်ကတော့ သူက အနှုတ်လက္ခဏာပြမှာ သေချာတယ်။ ဘာ့ကြောင့်လဲဆိုတော့ လောလောဆယ်ကိုပဲ သုညဖြစ်နေတယ်။ လက်ရှိ ဆီဈေးနှုန်းတက်လိုက်တာက နအဖရဲ့ စီးပွားရေး စီမံခန့်ခွဲမှု အလွန်ညံ့တယ်။ ဒီပြဿနာကိုကိုင်တွယ်တော့ ပိုပြီးတော့ ညံ့တယ်။ ဒါ့ကြောင့်မို့လို့ ဒီအချက်တွေနဲ့ ထည့်စဉ်းစားလို့ရှိရင် ကမ္ဘာ့အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းငွေကြေးအဖွဲ့အစည်းတွေက နအဖကို ငွေချေးဖို့၊ ဒီလိုလုပ်ငန်းနဲ့ ပတ်သက်ဖို့ဆိုတာ လုံးဝမျှော်လင့်စရာအကြောင်းမရှိတော့ဘူး။ ဒီစံနှုန်းစံ ထားတွေကိုထက် ပိုဆိုးတဲ့ အခြေအနေကို ဖြစ်တဲ့အတွက်ကြောင့်ဒီအကျိုးဆက် ကတော့ အများကြီးဝင်သွားနိုင်ပါတယ်။"

Burma Fund အဖွဲ့မှ စီးပွားရေးပညာရှင် ဦးစိန်ဌွေး ဖြစ်ပါတယ်။ ဒီထုတ်ပြန်ချက်အရ မြန်မာ့အိမ်နီးချင်းတရုတ်နိုင်ငံက ၄ ရာခိုင်နှုန်း ကျော်သာရှိတဲ့အတွက် မြန်မာစစ်အစိုးရထက် နည်းနည်းတော့ သာနေပါသေးတယ်။ တခြား မြန်မာ့အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ လာအိုအစိုးရကတော့ ၆ ရာခိုင်နှုန်းမှာရှိပြီး၊ အိန္ဒိယနိုင်ငံကတော့ ၅၈ ရာခိုင်နှုန်းနဲ့ အလယ်အလတ်ပိုင်းမှာရောက်ရှိခဲ့သလို ထိုင်းအစိုးရကတော့ ၃၂ ရာခိုင်နှုန်း ရှိခဲ့ပါတယ်။ အီးယူဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်ခုဖြစ်တဲ့ ဒိန်းမတ်နိုင်ငံကတော့ ၁၀၀ ရာခိုင်နှုန်းနဲ့အမြင့်ဆုံး အကောင်းဆုံး အစိုးရအဖြစ် သတ်မှတ်ခံခဲ့ရပါတယ်။ ■

— — — — — — — — — — — — —

# ကျောက်ပန်းတောင်းတွင် သံဃာတော်များ ဆန္ဒပြ

ရောဝတီ ၊ ၁၆ ၊ စက်တင်ဘာ၊ ၂၀၀၇

ကျောက်ပန်းတောင်းမြို့တွင် သံဃာတော်အပါး (၅၀၀) ကျော်က ယနေ့နံက်တွင် ကုန်ဈေးနှုန်းများကျဆင်းရေးနှင့် နိုင်ငံရေးပြဿနာများကို ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေးအဖြေရှာရန် မေတ္တာပို့လမ်းလျှောက်ခဲ့ကြသည်။

"ပထမဦးဆုံး လမ်းတလျှောက်မှာလည်း ဗုဒ္ဓဘာသာဝင်တို့ရဲ့ အပြုအမူမျိုးဖြင့် စော်ကားခံရတဲ့ ပခုက္ကူသံဃာတော်များကနေပြီးတော့ စီးပွားရေးကြပ်တည်းမှုကြောင့် ဒုက္ခရောက်နေရတဲ့ ပြည်သူလူထုကို ဒုက္ခမှ လွတ်မြောက်ပေးရန် မေတ္တာပို့ပါတယ်။ ကုန်ဈေးနှုန်းတက်ခြင်းကြောင့် မခံမရပ်နိုင်ကြတဲ့ ငြိမ်းချမ်းစွာဆန္ဒပြနေကြတဲ့ ပြည်သူလူထုနဲ့ နိုင်ငံရေး အကျဉ်းသားများ၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ ကျောင်းသားခေါင်းကိုမင်းကိုနိုင်တို့အပါအဝင် ရဟန်းရှင်လူ ပြည်သူလူထုတွေလွတ်မြောက်နိုင်ဖို့ ဘုရားစာရွက်တွေ ဝေပါတယ်။ သူတို့ရဲ့သင်ပြချက်တွေကတော့ မြန်မာပြည်ထဲမှာ ဦးထိပ်ထားရတဲ့ သာသနာတော်တွေကို နောင်အခါမှာ ပေါ်ပေါက်မှုမဖြစ်စေရန် ဗုဒ္ဓဘာသာဝင်လူတိုင်းမှာ တာဝန်ရှိတယ်။ အခြား သံဃာတော်များကိုလည်း ပခုက္ကူသံဃာများနှင့်အတူ ပူးပေါင်းပါဝင်ကြဖို့ လေးလေးနက်နက် တိုက်တွန်းချက်တွေပါ ပါတယ်။"ဟု ဒေသခံတဦးက ပြောသည်၊

နံက် (၆)နာရီမှ စတင်သည့် ဆန္ဒပြပွဲသည် နောက်ပိုင်းတွင် သံဃာတော်အပါး (၁၀၀၀)ခန့်အထိဖြစ်သွားပြီး တစ်နာရီအကြာတွင် အေးချမ်းစွာပြီးဆုံးသွားသည်။

မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရဲမှူးနှင့် ကြံ့ခိုင်ဖွံ့ဖြိုးရေးများ ဆန္ဒပြသံဃာတန်းနောက်မှ တကောက်ကောက်လိုက်ပါခဲ့ကြသော်လည်း နှောက်ယှက်ခြင်းမရှိပေ။

နဘေးမှ ကြည့်ရှုသူပြည်သူတချို့ "ငိုတောင်ငိုတယ်"ဟုဆိုကာ လူအများ၏ ထောက်ခံချက်အပြည့်အဝ ရသည်ဟုဆိုသည်။ ■

— — — — — — — — — — — — —

## ၈၈ မျိုးဆက်ကျောင်းသားများ တရုတ်အစိုးရထံ စာရေးတောင်းဆို

ဘီဘီစီ ၊ ၁၆ ၊ စက်တာဘာ ၊ ၂၀၀၇

ဒီအတောအတွင်း မြန်မာစစ်အစိုးရက အပူတပြင်းလိုက်လံရှာဖွေခြင်းခံနေရတဲ့ ၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေကလည်း တရုတ်အစိုးရနဲ့ အာဆီယံအဖွဲ့တို့ထံကို စာရေးသားပေးပို့ခဲ့တဲ့အကြောင်း ဘီဘီစီသတင်းဌာနမှ ဒေါ်ရင်မေက ပြောကြားပါသည်။

၈၈မျိုးဆက်ကျောင်းသားအဖွဲ့ထဲက ကိုထွန်းမြင့်အောင်၊ မနီလာသိန်း၊ ကိုစိုးထွန်းတို့ လက်မှတ်အသီးသီးရေးထိုးထားတဲ့ စာနှစ်စောင်ကို ယနေ့ စက်တင်ဘာလ (၁၇) ရက် ရက်စွဲနဲ့ တရုတ်သမ္မတ ဟူကျင်းတောင်နဲ့ တရုတ်ထိပ်တန်းအရာရှိတွေဆီလိပ်မူသလို အာဆီယံခေါင်းဆောင် (၉)ဦးနဲ့ အာဆီယံအတွင်းရေးမှူးချုပ် အောင်ကမ်ညောင်း ဆီကိုလည်းပို့လိုက်ပါသည်။ စာပါအကြောင်းအရာတွေကတော့ ဩဂုတ်လ (၁၉) ရက်နေ့က စတင်ခဲ့တဲ့ ငြိမ်းချမ်းစွာဆန္ဒပြမှုဟာ စစ်အစိုးရရဲ့ ရုတ်တရက်ခုန်တက်သွားတဲ့ လောင်စာဆီဈေးမြှင့်တက်မှုကိုအခြေခံပေမဲ့ အစိုးရက လူပေါင်း (၂၀၀) ခန့်ကို ဖမ်းဆီးထားတဲ့အကြောင်း ရေးသားထားတာပါ။ ဒါအပြင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းကိုယ်တိုင် ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးဖို့ စက်တင်ဘာလ (၁၀) ရက်နေ့ကတောင်းဆိုခဲ့ပေမဲ့ တရုတ်အစိုးရရော အာဆီယံပါ တစုံတရာတုန့်ပြန်ခြင်း မရှိသေးကြောင်းလည်း ဖော်ပြထားပါတယ် ...

ဒါကြောင့်မို့ နိကုန်းချုပ်အနေနဲ့ကတော့ တရုတ်အစိုးရနဲ့ အာဆီယံအစိုးရတွေဟာ ကုလသမဂ္ဂနဲ့ရော ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်တွေနဲ့ပါ ပူးပေါင်းလက်တွဲရင်း မြန်မာ့အရေးထူးခြားမှုရှိလာအောင် အချိန်မှီ ထိထိရောက်ရောက်လုပ်ပေးကြဖို့ မြန်မာနိုင်ငံရဲ့ အရေးဟာ တွေ့ဆုံဆွေးနွေးအဖြေရှာမှသာပြေလည်နိုင်ကြောင်းကို ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်တွေက ထုတ်ဖော်ပြောကြားသွားတာဖြစ်ပါတယ်။ ■

---

## အလုပ်သမားအခွင့်အရေး လှုပ်ရှားသူများကို ဖမ်းဆီးထောင်ချခြင်းအပေါ် AFLCIO ပြစ်တင်ဝေဖန်

ဗွီအိုအေ ၊ ၁၆ ၊ စက်တာဘာ ၊ ၂၀၀၇

ရန်ကုန်မြို့ အမေရိကန်စင်တာမှာ မေဒေးနေ့ အခမ်းအနားကျင်းပမှုနဲ့ပတ်သက်ပြီးတော့ ဖမ်းဆီးခံခဲ့ရတဲ့အလုပ်သမားအခွင့်အရေး လှုပ်ရှားသူ (၆) ဦးကို အင်းစိန်ထောင်အတွင်း နှစ်ရှည်ထောင်ဒဏ်တွေစီရင်လိုက်တဲ့အပေါ် ဂျနီဗာအခြေစိုက် ကမ္ဘာ့အလုပ်သမားအဖွဲ့ကြီးက မကြာသေးခင်ကပဲ စစ်အစိုးရကို ပြစ်တင်ဝေဖန်လိုက်သလိုအမေရိကန်အခြေစိုက် အင်အားအကြီးဆုံးဖြစ်တဲ့ **AFLCIO** အလုပ်သမားသမဂ္ဂအဖွဲ့ကြီးကလည်း မြန်မာစစ်ခေါင်းဆောင်ဆီကို ပြစ်တင်ဝေဖန်တဲ့စာ ဖက်စ် **(Fax)** ကနေတဆင့် စက်တင်ဘာလ ၁၂ ရက်နေ့ နေ့စွဲနဲ့ ပေးပို့လိုက်ပါတယ်။

အမေရိကန်နိုင်ငံမှာ အလုပ်သမားပေါင်း ၁၀ သန်းနီးပါး ပါဝင်တဲ့ **AFLCIO** ခေါ် အမေရိကန် အလုပ်သမားသမဂ္ဂအဖွဲ့ကြီးကိုယ်စားဥက္ကဌဖြစ်သူ ဂျွန်ဆွီနီ **(John Sweeny)** က မြန်မာစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံကို ပြစ်တင်ဝေဖန်တဲ့စာပေးပို့ခဲ့ပြီး နှစ်ရှည်ထောင်ဒဏ်ချမှတ်ခြင်းခံရတာတွေကို ပယ်ဖျက်ပေးပြီး အဖမ်းခံထားရသူတွေကို ချက်ချင်းပြန်လွှတ်ပေးဖို့ တောင်းဆိုခဲ့တာဖြစ်ပါတယ်။

အမှုကတော့ ဒီနှစ်စောစောပိုင်း ရန်ကုန်ရှိ အမေရိကန်သံရုံးရဲ့ အမေရိကန်စင်တာမှာ ကျင်းပတဲ့ မေဒေးနေ့အခမ်းအနားနဲ့ပတ်သက်ပြီး ကိုသူရိန်အောင်၊ ကိုကျော်ကျော်၊ ကိုရွှေဂျိုး၊ ကိုဝေလင်း၊ ကိုအောင်နိုင်ထွန်းနဲ့ ကိုညီညီဇော် တို့ကိုဖမ်းဆီးခဲ့ပြီးတော့ မေလ (၄) ရက်နေ့မှာတော့ ကိုရွှေဂျိုးနဲ့ ကိုအောင်နိုင်ထွန်းတို့ကို ပြန်လွှတ်ပေးခဲ့တာဖြစ်ပါတယ်။ မေလ (၁၀) ရက်နေ့မှာတခါ အခြားလူနှစ်ဦးဖြစ်တဲ့ ကိုကျော်ဝင်း နဲ့ ကိုမျိုးဝင်းတို့ကို ထိုင်း–မြန်မာနယ်စပ်မှာ ဒီ ဖမ်းဆီးမှုတွေနဲ့ပတ်သက်ပြီး သွားရောက်သတင်းပေးတဲ့အတွက် အာဏာပိုင်တွေက ထိန်းသိမ်းခဲ့တာဖြစ်ပါတယ်။ အင်းစိန်ထောင်အတွင်း အမှုစီရင်ကာ အစိုးရအပေါ် အသရေဖျက်မှု၊ တရားမဝင် စုရုံးမှုနဲ့ စက်တင်ဘာလ ၇ ရက်နေ့က သူတို့ကို ပြစ်မှုထင်ရှား တွေ့ရှိခဲ့ပြီး လေးဦးကိုတော့ ထောင်ဒဏ် ၂၈ နှစ်၊ ကျန်နှစ်ဦးကိုတော့ထောင်ဒဏ် ၂၀ စီ ချမှတ်လိုက်တာနဲ့ပတ်သက်လို့ **AFLCIO** က မြန်မာစစ်အစိုးရ လက်မှတ်ရေးထိုးထားတဲ့အိုင်အယ်လ်အို **(ILO)** စာချုပ်အပါအဝင် နိုင်ငံတကာအလုပ်သမားအခွင့်အရေး စံနှုန်းတွေကို ဒီလိုလုပ်တာဟာ ချိုးဖောက်ရာရောက်တယ်လို့ ထောက်ပြထားပါတယ်။

**AFLCIO** ရဲ့ နိုင်ငံတကာရေးရာပြောခွင့်ရပုဂ္ဂိုလ် စတန်ဂါးစ် **(Stan Garcek)** က –

“ဒီ ပြစ်ဒဏ်စီရင်ချက်ချတဲ့ စွဲချက်တွေဟာ သိပ်ကို တိတိကျကျလည်း မရှိတဲ့အပြင် ကျယ်လည်းကျယ်ပြန့်တဲ့အခါကျတော့ နိုင်ငံတကာက အသိအမှတ်ပြုထားတဲ့ ဘယ်ဥပဒေကိုမဆို ဆန့်ကျင်ရာ ရောက်စေမှာ ဖြစ်ပါတယ်။ အိုင်အယ်လ်အိုရဲ့ အလုပ်သမားအခွင့်အရေး ဥပဒေနဲ့ဆိုရင်တော့ ဝေးသေးတာပေါ့ဗျာ၊ အထူးသဖြင့် ဒီ ဂျနီဗာ အလုပ်သမား သဘောတူစာချုပ်အရ ဒီအလုပ်သမားတွေရော၊ အလုပ်ရှင်တွေပါ လွတ်လပ်စွာ စုရုံးခွင့်တွေကို အာမခံချက် ပေးထားတာဖြစ်ပါတယ်။ မြန်မာနိုင်ငံက ဒီစာချုပ်ကိုအတည်ပြုလက်မှတ်ရေးထိုးထားပေမယ့်လို့ မြန်မာအစိုးရကလက်တွေ့မှာ ချိုးဖောက်ရာ ရောက်နေပါတယ်။”

မြန်မာစစ်အစိုးရအနေနဲ့ မကြာသေးမီက ပြည်တွင်းမှာ အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှု ပပျောက်ရေးကြိုးပမ်းမှုအဖြစ် ကမ္ဘာ့အလုပ်သမားအဖွဲ့ (အိုင်အယ်လ်အို)နဲ့ နောက်ဆက်တွဲ သဘောတူညီမှု လက်မှတ်ရေးထိုးခဲ့ပြီးရန်ကုန်မှာ အိုင်အယ်လ်အို ဆက်သွယ်ရေးအရာရှိ ထားရှိဖို့ သဘောတူခဲ့တာဟာ တိုးတက်မှုလို့ဆိုရပေမယ့် အခုနောက်ဆုံးလုပ်ရပ်ကြောင့် မြန်မာစစ်အစိုးရအပေါ် သံသယ ရှိစေတယ်လို့လည်း မစ္စတာ ဂါးစ်ကပြောပါတယ်။

“အစကတည်းကိုက အဓိပ္ပါယ်ကင်းမဲ့တဲ့ နှစ်ရှည်ထောင်ဒဏ် စီရင်လိုက်တာကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံရဲ့ယေဘုယျ အလုပ်သမား အခွင့်အရေး အခြေအနေဟာ တိုးတက်မှုမရှိသေးဘူးလို့ပြရာ ရောက်နေပါတယ်။ ဒီလိုလုပ်လိုက်တာဟာ အနှုတ်လက္ခဏာ ပြလိုက်တာပါ။ မြန်မာစစ်အစိုးရအနေနဲ့ မကြာသေးမီ က အိုင်အယ်လ်အို နိုင်ငံတကာ အလုပ်သမားအဖွဲ့ကြီးနဲ့ နောက်ဆက်တွဲ သဘောတူညီချက် လက်မှတ်ရေးထိုးလိုက်ခြင်းအားဖြင့် အခြေအနေ တိုးတက်ကောင်းမွန်လာစေဖို့ ကြိုးပမ်းရာကနေပြီးတော့ အခုလိုလုပ်လိုက်တာကြောင့် နောက်ကို အဓိက ခြေလှမ်းကြီး ပြန်ဆုတ်လိုက်ရာရောက်နေပါတယ်။”

**AFLCIO** အဖွဲ့ကြီးအနေနဲ့ သက္ကရာဇ် ၂၀၀၃ ခုနှစ်က မြန်မာနိုင်ငံအပေါ် အမေရိကန်ပြည်ထောင်စုကစီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်တဲ့ Burmese Freedom and Democracy Act of 2003 အတည်ပြုနိုင်ရေးအတွက်လည်း ရှေ့ဆောင်လှုပ်ရှားခဲ့တဲ့ အဖွဲ့ကြီးဖြစ်သလို လက်ရှိမှာလည်း အိုင်အယ်လ်အိုအဖွဲ့ကြီးနဲ့ ညှိနှိုင်းဆောင်ရွက်ပြီး မြန်မာနိုင်ငံမှာ အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှု ပပျောက်ရေးနဲ့ အလုပ်သမားအခွင့်အရေးရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိတယ်လို့ ပြောခွင့်ရပုဂ္ဂိုလ်က ထောက်ပြခဲ့ပါတယ်။ ■

“ ဤစာစောင်အား မြန်မာပြည် လူထုလှုပ်ရှားမှုတိုက်ပွဲအတွက် ထပ်ဆင့်ကူးယူဖြန့်ချိသူများအား အထူးကျေးဇူးတင်ပါသည်။ ”